# Help us build a flood-resilient school





မင်္ဂလာပါ

မိမိတို့ One Dollar Fund – Myanmar (ODF Myanmar) မှ လက်ရှိ လှုပ်ရှားနေသော ရေဘေးသင့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းတစ်ခု အတွက် လူကြီးမင်းတို့၏ အဖွဲ့အစည်းထံမှ အကူအညီ တောင်းခံလိုပါသည်။

## ODF Myanmar အကြောင်း

ပထမဆုံး အနေဖြင့် ODF Myanmar ၏ သမိုင်းနောက်ခံကို အနည်းငယ် ရှင်းပြပါရစေ။ မြန်မာနိုင်ငံအတွင်းရှိ မိဘမဲ့ ကလေးများ၏ အခြေခံလိုအပ်ချက်များ ၊ ပညာရေး ၊ ကျန်းမာရေး နှင့် သဘာဝဘေးဒဏ်များအတွက် တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးနိုင်ရန် ODF Myanmar အဖွဲ့ အား ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ထောင်ခဲ့ပါသည်။ အဖွဲ့၏ လုပ်ရှားမှုများအား www.odfmyanmar.org website စာမျက်နှာမှတဆင့် နိုင်ငံအသီးသီးရှိ အလှူရှင်များထံ ကြေညာပေးခဲ့ပါသည်။ စတင်တည်ထောင်ချိန်မှ ၂၀၁၅ ဇွန်လအထိ အလှူရှင်များ၏ အကူအညီဖြင့် စင်္ကာပူဒေါ်လာ တစ်သိန်းကျော်အား လိုအပ်သည့်နေရာများသို့ ထောက်ပံ့နိုင်ခဲ့ပါသည်။

# လတ်တလော လှုပ်ရှားမှုများ

မြန်မာပြည် ရေဘေးသင့်ပြည်သူများအတွက် မိမိတို့ ODF Myanmar အဖွဲ့အနေဖြင့် ကူညီထောက်ပံ့ရေးများ ပြုလုပ်ခဲ့၊ ပြုလုပ်နေဆဲ ဖြစ်ပါသည်။ ရခိုင်သဟာယအသင်းနှင့် လက်တွဲ၍ ရခိုင်ပြည်နယ်အတွင်းရှိ အကူအညီလိုအပ်သည့်ကျေးရွာများ၊ မကွေးတိုင်း စေတုတ္တရာမြို့နယ်ရှိ ငလဲ့ရွာနှင့်ပန်းချက်ရွာများ၊ ကလေးမြို့နယ် စည်သာရွာနှင့် အခြားအကူအညီလိုအပ်သည့်ကျေးရွာများ ၊ ချင်းပြည်နယ် ဟားခါး၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များအတွက် ကူညီခဲ့၊ ကူညီနေဆဲ ဖြစ်ပါသည်။






Heat-map of donated places (2010-2015)

# အကူအညီတောင်းခံလိုသော အကြောင်းအရာ

ယခုအခါ ပြန်လည်ထူထောင်ရေး လုပ်ဆောင်ချက်တစ်ခု အနေဖြင့် SPINE Architects www.spinearchitects.com ၊ UCSD Structural Engineers Group တို့နှင့် လက်တွဲ၍ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ မင်းဖူးကျေးရွာတွင် ရေဘေးဒဏ်ခံ စာသင်ကျောင်းဆောင် ဆောက်လုပ်ပေးရန် စီစဉ်နေပါသည်။ အဆောက်အဦပုံစံရေးဆွဲခြင်းကို SPINE Architects www.spinearchitects.com ၊ UCSD Structural Engineers Group တို့မှ လှူဒါန်းခြင်း ဖြစ်ပါသည်။

အဆိုပါ မင်းဖူးကျေးရွာသည် လတ်တလောရေကြီးမှုဒဏ်ကြောင့် တစ်ရွာလုံးရေအောက်ရောက်ခဲ့သောရွာတစ်ရွာဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ ဆောက်လုပ်မည့်ကျောင်းဆောင်သည် စာသင်ကျောင်းအဖြစ်လည်းကောင်း ရေဘေးဒဏ်ခံနိုင်ပြီး ရေကြီးလာလျှင် ခိုလှုံနိုင်စရာ ခိုကိုးရာအဖြစ်လည်းကောင်း ပုံစံရေးဆွဲထားပါသည်။

ဆောက်လုပ်မည့် အဆောက်အဦသည် ပေ ၆၀ ပေ ၄၀ ပတ်လည် ကျယ်ဝန်းပြီး နှစ်ထပ်ကျောင်းဆောင်ဖြစ်၍ ကျောင်းသားပေါင်း ၂၀၀ ခန့် ပညာသင်ကြားနိုင်ပါမည်။ အကယ်၍ ရေတက်လာလျှင် ရေအမြင့် ၁၅ ပေခန့်အထိ လွတ်ကင်းမည်ဖြစ်ပြီး ရေထပ်တက်လာလျှင် အပေါ်ဆုံးအမိုး ၂၅ ပေအမြင့်တွင် ခေတ္တ ခိုလှုံနိုင်ပါမည်။

အဆောက်အဦအတွက် ခန့်မှန်းကုန်ကျစရိတ်သည် မြန်မာကျပ်ငွေ သိန်း ၃၅၀ ခန့် ဖြစ်ပါသည်။

ODF Myanmar အလှူရှင်များမှ လှူဒါန်းသောငွေ သိန်း ၁၀၀ ၊ SPINE Architects မှ ၁၃ သိန်းဖြင့် အဆိုပါကျောင်း စတင်ဆောက်လုပ်ရေးအတွက် မတည်ထားပါသည်။




ကျောင်းဆောင်ဖြစ်မြောက်ရန်အတွက် နောက်ထပ် ၁၆၁ သိန်းခန့် (၄၆%) လိုအပ်နေသေးသဖြင့် လူကြီးမင်းတို့၏ အဖွဲ့အစည်းထံမှ အကူအညီများ တောင်းခံရခြင်း ဖြစ်ပါသည်။

ထို့အပြင် အခြားဒေသများတွင်ဖြစ်စေ ၊ ရခိုင်ပြည်နယ်တွင်ဖြစ်စေ မိမိအစီအစဉ်ဖြင့် စာသင်ကျောင်း ဆောက်လုပ်လှူဒါန်းလိုပါကလည်း **SPINE Architects** မှ အဆောက်အဦပုံစံကို လှူဒါန်းမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အဆိုပါ စာသင်ကျောင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် စတင်ဆောက်လုပ်ရန် စီစဉ်ထားပါသည်။ ကျေးဇူးအထူးတင်ရှိပါသည်။

**Source**

http://odfmyanmar.org/lets-help-together-rehabilitation-stage

31-August-2015

အလှူငွေထည့်ဝင်လှူဒါန်းလိုပါက အောက်ပါအတိုင်း
ဆက်သွယ်နိုင်ပါသည်။

***ODF Myanmar Administrative Team***


web: www.odfmyanmar.org
facebook: www.facebook.com/odfmyanmar
twitter: www.twitter.com/odfmyanmar
email: admin@odfmyanmar.org
Phone:
Myanmar: Ko Nyein Chan Htwe +959 2536 88885
Ko Than Zaw Myo +959 4580 44014
Singapore: Ma Wynn Le Aung +65 9897 6282